

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန ဖွဲ့စည်းခြင်း
# (၂) နှစ်ပြည့် အစီရင်ခံစာ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်။

## နိဒါန်း

၁။ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် ကရင်နီတစ်ပြည်လုံးရှိ အမျိုးသမီးနှင့် ကလေးသူငယ်များအားလုံး၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရန်နှင့် ၎င်းတို့၏ လူမှုဘဝလုံခြုံမှုကို အပြည့်အဝရရှိစေရန် ရည်ရွယ်၍ ကရင်နီပြည်ကြားကာလအစီအမံပါ ပြဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စတင်ဖွဲ့စည်းခဲ့သည်။ ပြည်နယ်ရုံး (၁) ရုံးနှင့် မြို့နယ်ရုံး (၄) ရုံးအား ဖွင့်လှစ်ထားရှိပြီး ပြည်နယ်အဆင့် ဝန်ထမ်း (၁၀) ဦးနှင့် မြို့နယ်အဆင့် ဝန်ထမ်း (၁၂) ဦး၊ စုစုပေါင်း (၂၂) ဦးဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းကျော်ဖြတ်ကာ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်မှာ အချိန်ကာလအားဖြင့် (၂) နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ဌာန၏ (၂) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား အများပြည်သူထံသို့ အစီရင်ခံတင်ပြအပ်ပါသည်။

## သမိုင်းအကျဉ်း

၂။ ကရင်နီပြည်တွင် ၂၀၂၁ ခုနှစ်၊ မေလ (၂၁) ရက်နေ့မှ စတင်၍ ကရင်နီအခြေစိုက် ခုခံတော်လှန်ရေးအင်အားစုများနှင့် တရားမဝင် အာဏာသိမ်းစစ်တပ်တို့အကြား ထိတွေ့တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ပြီး ကရင်နီလူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် အတင်းအဓမ္မ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရပါသည်။ စစ်အာဏာရှင်အား တော်လှန်မှု အားကောင်းသော ပြည်နယ်ဖြစ်သည့်အလျှောက် အကြမ်းဖက်စစ်တပ်၏ ဆိုးရွား လှသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်အတူ နိုင်ငံတကာမှ တားမြစ်ထားသော လက်နက်များကို အသုံးပြုခြင်း၊ လက်နက်ကြီးများ အလွန်အကျွံပစ်ခတ်ခြင်း၊ လေကြောင်း တိုက်ခိုက်မှုများကျူးလွန်ခြင်း၊ အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ဘာသာရေးအဆောက်အဦးများ စာသင်ကျောင်းများကဲ့သို့ အများပြည်သူ ပိုင် အဆောက်အဦးများကို စနစ်တကျနှင့် ရည်ရွယ်ချက်ရှိရှိ ဖြင့် ပစ်ခတ်ဖျက်ဆီးမှုများနှင့် အပြစ်မဲ့အရပ်သားများအား လူသားဒိုင်းအဖြစ် အသုံးပြုခြင်းတို့ကို ကျူးလွန်လျက် ရှိသည်။ အဘက်ဘက်မှ ယိုယွင်းလာသော အခြေအနေ များစွာတို့ကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အခြားသော ထိလွယ်ရှလွယ် အုပ်စုများသည် ပိုမိုထိခိုက်ခံစားရလျက်ရှိသည်။

အမျိုးသမီး နှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို အကာအကွယ် ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မြှင့်တင်လုပ်ဆောင်ရန် အကန့်အသတ် များစွာ ရှိနေပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ အတွက် မရှိမဖြစ်လိုအပ်သော အစာအာဟာရများနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကိုရရှိရန် ခက်ခဲခြင်း၊ မွေးကင်းစကလေးငယ်များအတွက် အရေးကြီးသော ကာကွယ်ဆေးများ လက်လှမ်းမီရရှိနိုင်ရန် အကန့်အသတ်များ ရှိနေသေးခြင်း၊ အမျိုးသမီးငယ်များ အနေဖြင့် ပညာရေးဆုံးခန်းတိုင် သင်ယူမှု မရရှိဘဲ စောစီးစွာ အိမ်ထောင်ကျခြင်း၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများ ကြုံတွေ့ခံစားနေရခြင်း၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခြင်းမရှိသည့် အခြေအနေများစွာကို ရင်ဆိုင်နေကြ ရပါသည်။သို့ဖြစ်၍ ကရင်နီပြည်အတွင်းရှိ ကလေးသူငယ်နှင့် အမျိုးသမီးများ လူမှုဘဝ လုံခြုံစိတ်ချစွာဖြင့် လူ့ဂုဏ်သိက္ခာ နှင့်အညီ နေထိုင်နိုင်ပြီး လူ့အခွင့်အရေး အပြည့်အဝ ရရှိနိုင်ရန် အတွက်အမျိုးသမီးနှင့် ကလေးသူငယ် ရေးရာဌာနကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက် နေ့တွင် စတင် ဖွဲ့စည်းခဲ့ပြီး လက်ရှိ အချိန်ကာလအထိ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ဌာန၏ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှု အသေးစိတ်အား ဖတ်ရှုလေ့လာ သိရှိနိုင်ပါရန် ဤအစီရင်ခံစာနှင့်အတူ တင်ပြအပ်ပါသည်။

### ဌာန၏ရည်ရွယ်ချက်များ


၃။ (က) ကြားကာလအတွင်း အမျိုးသမီးများနှင့်ကလေးသူငယ်အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သည့်အပြင် ဖွံ့ဖြိုးရေး အစီအစဉ်များကို အာမခံပေးနိုင်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ခိုင်မာစွာ ထွက်ပေါ်လာစေရန်၊

(ခ) ကြားကာလအုပ်ချုပ်မှုယန္တရားများအတွင်း၌ အရေးကြီးသော ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် ဂျဲန်ဒါ တန်းတူညီမျှမှုရှိစေရန်အတွက် စုံလင်ကွဲပြားသော အမျိုးသမီးများ ပိုမို ပါဝင်လာနိုင်စေရန်၊

(ဂ) ကြားကာလအတွင်း ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ဖြည့်ဆည်းနိုင်သည့် စနစ်တစ်ခု ပေါ်ပေါက်လာစေရန်၊

(ဃ) ကရင်နီပြည်ရှိ အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် လိုအပ်သော အစီအမံများ၊ မူဝါဒများနှင့် လမ်းညွှန်ချက်များ ပြဋ္ဌာန်းခြင်းအပြင် အရေးပေါ်တုံ့ပြန်ဖြေရှင်းရေး အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

## အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန၏ ဖွဲ့စည်းပုံ





## အမျိုးသမီးနှင့် ဂျဲန်ဒါရေးရာဌာနခွဲ၏ ဆောင်ရွက်ချက်များ


ဌာနအနေဖြင့် ပြည်နယ်အဆင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းလမ်းညွှန်များ၊ လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊ ဂျဲန်ဒါမူဝါဒ မူဘောင်ရေးဆွဲရာတွင် ပူးပေါင်းပါဝင်ခြင်း၊ ဂျဲန်ဒါမူဝါဒမူကြမ်းထွက်ပေါ်လာနိုင်အတွက် ကမကထပြုခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းတစ်ရပ်အား ပြင်ဆင်ရေးဆွဲပြီး အတည်ပြုနိုင်ရန်အတွက် ကရင်နီပြည်ကြားကာလ လွှတ်တော်သို့ တင်သွင်းခြင်းစသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ ပြည်နယ်နှင့် မြို့နယ်အဆင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပြည်နယ်အတွင်းရှိ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်တက်လာစေရန်အတွက် သင်တန်းများ ပြုလုပ်ပေးခြင်းနှင့် အမျိုးသမီး အကယ်ဒမီ သင်တန်းကျောင်းဖွင့်လှစ်ပေးခြင်း၊ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုနှင့်ဆိုင်သော လူထုအသိပညာပေးခြင်း အစီအစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။


ထို့အပြင် ဂျဲန်ဒါအခြေပြု အကြမ်းဖက်ခံရသော အမျိုးသမီးများအား လိုအပ်သော ဝန်ဆောင်မှုများ စီမံပေးခြင်း၊ လေယာဉ်၊ လက်နက်ကြီးကြောင့် ထိခိုက်ဒါဏ်ရာရ အမျိုးသမီးများအား အရေးပေါ်ကူညီထောက်ပံ့ပေးခြင်း၊ အမျိုးသမီး တကိုယ်ရေသုံး ပစ္စည်းများဖြန့်ဝေခြင်း၊ အရေးပေါ် အကူအညီလိုအပ်သော အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအား ငွေကြေးပံ့ပိုးပေးခြင်း၊ နေရပ်ပြန် စစ်ရှောင်များအား တပိုင်တနိုင် စီးပွားရေးလုပ်နိုင်ရန်အတွက် ငွေကြေးပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ စွန့်ဦးတီထွင် အမျိုးသမီးများအတွက် ချေးငွေထုတ်ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။




ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခံရသူများအား ဝန်ဆောင်မှုပေးခြင်း
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
လူမှုစီပွားဆိုင်ရာအကြမ်းဖက်မှု
အန္တရာယ်ရှိသောရိုးရာဓလေ့ဆိုင်ရာအကြမ်းဖက်မှု
အမှု စုစုပေါင်း ၁၁၂မှု
၈
၃၅
၁၇
၂၁
၃၁


ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ
1%
12%
87%
ဆောင်ရွက်ပြီးစီးသောအမှု
လက်ရှိဆောင်ရွက်နေဆဲအမှု
တိုင်ကြားသူဘက်မှ ရုတ်သိမ်းသွားသည့်အမှု
ရုပ်နားထားသည့်အမှု



အသိပညာပေးသင်တန်းများနှင့် အစည်းအဝေးများတွင်
ပါဝင်တက်ရောက်ခဲ့သူများ
1%
37%
62%
ကျား -၉၅၂
မ -၁၆၀၀
အခြား
ပြုလုပ်ခဲ့သည့်အရေအတွက်
(၆၅)ကြိမ်



အရေးပေါ်အကူအညီထောက်ပံ့မှုအခြေအနေ
ရေဘေးသင့်နှင့်စစ်ရှောင်အမျိုးသမီးများအား
တကိုယ်ရေသုံးပစ္စည်းဖြန့်ဝေပေးအပ်ခြင်း
၃၆၁၉
အိမ်ထောင်စု
ရေဘေးသင့်အမျိုးသမီးဦးဆောင်အိမ်ထောင်စုအားမိုးကာ၊
စောင်၊ အနွေးထည်များထောက်ပံ့ပေးအပ်ခြင်း
၃၀၀ အိမ်ထောင်စု
ရေဘေးသင့်အမျိုးသမီးဦးဆောင်
အိမ်ထောင်စုများအား ငွေကြေးပံ့ပိုးပေးခြင်း
၂၀၀အိမ်ထောင်စု
၀
၁၀၀၀
၂၀၀၀
၃၀၀၀
၄၀၀၀


## ကလေးသူငယ်ရေးရာဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များ

ဌာနအနေဖြင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD) မူဝါဒလမ်းညွှန်ရေးဆွဲခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒ (Child Safeguarding Policy) ပြင်ဆင်ရေးဆွဲခြင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက် ရေးနှင့် ပြန်လည်ထူထောင်ရေးစင်တာ ဖွင့်လှစ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် မူကြိုဆရာ၊ ဆရာမများအား အခြေခံသင်တန်းနှင့် မွမ်းမံသင်တန်းများ ပြုလုပ်ပေးခြင်း၊ မူကြိုကလေးမိဘများနှင့် ကျောင်းကော်မတီဝင်များအား ကလေးသူငယ် အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အသိပညာပေးခြင်း၊ အကူအညီလိုအပ်လျက်ရှိသော မူကြိုဆရာ၊ ဆရာမ အချို့အား လစဉ်ချီးမြှင့်ငွေ ပံ့ပိုးပေးအပ် ခြင်း၊ သင်ထောက်ကူ ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ကလေး အာဟာရ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်သည်များနှင့် နို့တိုက်မိခင် များအား လိုအပ်သော အရေးပေါ်ကူညီပံ့ပိုးမှုများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အာဟာရပိုင်းဆိုင်ရာ ပစ္စည်းများ ပံ့ပိုးကူညီခြင်း၊ လေယာဉ်လက်နက်ကြီးကြောင့် ထိခိုက်ဒါဏ်ရာရသော ကလေးသူငယ်များအား အရေးပေါ် ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လိုအပ်သော ရပ်ကွက်၊ ကျေးရွာ၊ စစ်ရှောင်စခန်းများတွင် မူကြိုကျောင်းများ ဆောက်လုပ်ရန်နှင့် ပြင်ဆင်မွမ်းမံရန် သက်ဆိုင်ရာ ကော်မတီဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။





ကလေးသူငယ်နှင့်ဆိုင်သော အစည်းအဝေးများ သင်တန်းများတွင်
ပါဝင်တက်ရောက်ခဲ့သူဦးရေ
38%
62%
ကျား ၁၂၀၃
မ ၁၉၅၀
အကြိမ်အရေအတွက် (၁၄)ကြိမ်



ကလေးသူငယ်များအား အရေးပေါ် ပံ့ပိုးကူညီမှုများ
လေယာဉ်လက်နက်ကြီးကြောင့်ထိခိုက်ဒါဏ်ရာရသူ
များအားထောက်ပံ့ပေးခြင်း
၃၀
၃၂
အရေးပေါ်အကူအညီလိုအပ်သော ကလေးသူငယ်
များအားထောက်ပံ့ပေးခြင်း
၇
၉
မွေးရာပါ ထူးခြားသန်စွမ်းသော
ကလေးသူငယ်အား ထောက်ပံ့ ပေးခြင်း
၄
၀
၀
၅
၁၀
၁၅
၂၀
၂၅
၃၀
၃၅
မ
ကျား




အကြမ်းဖက်ခံရသော ကလေးသူငယ်များအား ဝန်ဆောင်မှုပေးခြင်း
ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
၂
၀
၄
၂
၀ ၁ ၁ ၂ ၂ ၃ ၃ ၄ ၄ ၅
မ
ကျား

အကြမ်းဖက်ခံရသော ကလေးသူငယ်အမှုကိစ္စများအား
ဆောင်ရွက်ပြီးစီးမှုအခြေအနေ
0%
13%
50%
37%
ဆောင်ရွက်ပြီးစီးသောအမှု
လက်ရှိဆောင်ရွက်နေဆဲအမှု
တိုင်ကြားသူဘက်မှ ရုတ်သိမ်းသွားသည့်အမှု
ရပ်နားထားသည့်အမှု


ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား ကူညီပံ့ပိုးပေးခြင်း
အခက်အခဲရှိနေသော ကိုယ်ဝန်ဆောင်များအတွက် ကလေးမီးဖွားရန် လိုအပ်သောအသုံးအဆောင်များ ဖြန့်ဝေခြင်း
၇၀၇
အရေးပေါ် မီးဖွားရန် အကူအညီလိုအပ်သောကိုယ်ဝန်ဆောင်များ ငွေကြေးထောက်ပံ့ပေးအပ်ခြင်း
၁၃၁
၀ ၁၀၀ ၂၀၀ ၃၀၀ ၄၀၀ ၅၀၀ ၆၀၀ ၇၀၀ ၈၀၀


မူကြိုကျောင်းများအား ကူညီပံ့ပိုးပေးခြင်း
မူကြိုကျောင်း ကလေးအာဟာရတိုက်ကျွေးခြင်း
၉၁၄
၈၂၄
မူကြိုဆရာမများ ထောက်ပံ့ငွေပေးအပ်ခြင်း
၄၅
၀ ၁၀၀ ၂၀၀ ၃၀၀ ၄၀၀ ၅၀၀ ၆၀၀ ၇၀၀ ၈၀၀ ၉၀၀ ၁၀၀၀
မ ကျား





**သုတေသနနှင့်အချက်အလက်စီမံခန့်ခွဲရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များ**


သုတေသနနှင့်အချက်အလက်စီမံခန့်ခွဲရေးဌာနခွဲအနေဖြင့် သုတေသနစစ်တမ်းကောက်ယူခြင်း၊ လုပ်ငန်း ဆောင်ရွက်ချက်များအား မှတ်တမ်းပြုစုခြင်း၊ သတင်းအချက်အလက်များ ရယူထုတ်ပြန်ခြင်း၊ လုပ်ငန်းစောင့်ကြည့်လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ ကရင်နီပြည်အတွင်း ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်သော သုတေသန စစ်တမ်းကောက်ယူခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**စီမံဘဏ္ဍာဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

စီမံဘဏ္ဍာဌာနခွဲအနေဖြင့် ဌာနအတွင်း ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ ရုံးတွင်းစီမံရေးရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေလျာထားသုံးစွဲမှုများ ပြင်ဆင်ရေးဆွဲခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ခြင်း၊ အသုံးစရိတ်များအား ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေးကို ကြပ်မတ်ဆောင်ရွက်ခြင်း၊ ဌာနပိုင်ပစ္စည်းများကို စာရင်းပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်းများအား ဆောင်ရွက်လျက် ရှိပါသည်။

# ဌာန၏ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ရငွေ၊ သုံးငွေအခြေအနေများကို တင်ပြခြင်း





## ၆။ စိန်ခေါ်မှုအခက်ခဲများ

- တရားမဝင် အာဏာသိမ်းစစ်တပ်၏ လေယာဉ်လက်နက်ကြီး ပစ်ခတ်မှုကြောင့် လုံခြုံရေး အခြေနေများ ခက်ခဲခြင်း၊
- ဘဏ္ဍာရေးဆိုင်ရာ လုံလောက်မှုမရှိခြင်း၊
- လူ့အရင်းအမြစ်လုံလောက်မှု မရှိခြင်း၊
- လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် ဆက်သွယ်ရေး လိုအပ်ချက်များရှိခြင်း၊

## ၇။ ရှေ့လုပ်ငန်းစဉ်များ

အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနသည် လာမည့် ဘဏ္ဍာရေးနှစ်များတွင် အောက်ပါ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

(၁) အမျိုးသမီးများနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ဆိုင်သောမူဝါဒ (မူကြမ်း) များ၊ လုပ်ငန်းလမ်းညွှန်များ၊ အစီအမံများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ စွမ်းရည်မြှင့်အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊

(၂) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများ ဆောင်ရွက်ခြင်း၊

(၃) ဂျဲန်ဒါတန်းတူညီမျှရေးနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်ခံရသူများအား ဝန်ဆောင်မှုပေးခြင်းနှင့် ထိလွယ်ရှလွယ်အုပ်စုများအား အရေးပေါ် ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်ခြင်း၊

## ၈။ နိဂုံး

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနသည် ဦးစီးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်စပ်ဌာနများ၊ ပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပရှိ အမျိုးသမီးအစုအဖွဲ့များ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသော အစုအဖွဲ့များနှင့် ပူးပေါင်းပြီး ထိလွယ်ရှလွယ် အုပ်စုဖြစ်သော ကိုယ်ဝန်ဆောင်အမျိုးသမီး၊ နို့တိုက်မိခင်၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်နှင့် အဖယ်ကြဉ်ခံအုပ်စုများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် အခြားသော ဝန်ဆောင်မှု ပေးနေသည့် လုပ်ငန်းများအား ရှေ့လုပ်ငန်းစဉ် လျာထားချက်များနှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။